## စည်းလုံးညီညွတ်သောတိုင်းရင်းသားလူမျိုးစုများမဟာမိတ်အဖွဲ့ (UNA)၏

## “(၆၅)နှစ်မြောက် တော်လှန်ရေးနေ့ထုတ်ပြန်ကြေညာချက်”

၁။ ယနေ့သည်ပြည်ထောင်စုမြန်မာနိုင်ငံ၏ (၆၅)နှစ်မြောက်တော်လှန်ရေးနေ့ဖြစ်ပေသည်။ မြန်မာတစ်မျိုးသားလုံးတို့အားလွတ်လပ်ရေးရရှိစေလျက် အားလုံးသောအာရှသားတို့ သာတူညီမျှရှိစေရမည်ဟု လိမ်လည်လှည့်ဖြားလျက် ရက်စက်စွာဖိနှိပ်အုပ်ချုပ်ခဲ့သော ဖက်ဆစ်ဂျပန်တို့အား မြန်မာပြည်သူအပေါင်းတို့ကစည်းလုံးညီညွတ်စွာတော်လှန်တိုက်ခိုက်ခဲ့သော ၁၉၄၅–ခုနှစ်၊ မတ်လ (၂၇)ရက်နေ့ကို အမှတ်တရဂုဏ်ပြုကျင်းပသောနေ့ပင်ဖြစ်ပေသည်။

၂။ မြန်မာပြည်တဝှမ်းလုံးရှိ တိုင်းရင်းသားအားလုံးတို့၏စည်းလုံးညီညွတ်မှုစွမ်းပကားဖြင့် ဖက်ဆစ်ဂျပန်တို့အားချေမှုန်းတော်လှန်နိုင်ခဲ့ကြသကဲ့သို့ နိုင်ငံ၏လွတ်လပ်ရေးကိုရယူနိုင်ခဲ့ကြသည်ဖြစ်ရာ တစ်မျိုးသားလုံးစည်းလုံးညီညွတ်မှုရှိနေရေးသည် နိုင်ငံအတွက် အသက်သွေးတမျှအရေးကြီးလှပေသည်။

၃။ ယနေ့မြန်မာနိုင်ငံတွင်နိုင်ငံသားအားလုံးတို့က ဒီမိုကရေစီရေး၊ အမျိုးသားတန်းတူရေးနှင့်ကိုယ့်ကြမ္မာကိုယ်ဖန်တီးရေး စသောလူ့အခွင့်အရေးများကိုတောင်းဆိုတိုက်ပွဲဝင်လျက်ရှိကြရာ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်နိုင်ငံရေးအရ တွေ့ဆုံဆွေးနွေးအဖြေရှာရေးတို့ကို မဖြစ်မနေလုပ်ဆောင်ကြရလိမ့်မည်ဖြစ်သည်။ သို့ဖြစ်ပါ၍–

(က) ဒေါ်အောင်ဆန်းစုကြည်၊ ခွန်ထွန်းဦးနှင့်မင်းကိုနိုင်တို့အပါအဝင် နိုင်ငံရေးအကျဉ်းသားအားလုံးတို့အားချက်ချင်းလွတ်ပေးရန်၊

(ခ) နိုင်ငံတော်အစိုးရ၊ ဒေါ်အောင်ဆန်းစုကြည်ခေါင်းဆောင်သော ဒီမိုကရေစီအင်အားစုများ၊ တိုင်းရင်းသားလူမျိုးစုများ တွေ့ဆုံဆွေးနွေးမှုများပြုလုပ်ပေးရန်၊

(ဂ) တရားမျှတမှုမရှိသော ၂၀၀၈–ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ရွေးကောက်ပွဲဆိုင်ရာဥပဒေများအားအမြန်ဆုံးပြန်လည်ပြုပြင်ပေးရန်၊

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအား ဤ(၆၅)နှစ်မြောက် တော်လှန်ရေးနေ့အခါသမယတွင် ကျွန်ုပ်တို့ကတောင်းဆိုတိုက်တွန်းလိုပါသည်။

ဤတောင်းဆိုချက်များအားလိုက်လျောပြုပြင်ပေးခြင်းမရှိပါက ကျင်းပမည့် ၂၀၁၀–ခုနှစ် ရွေးကောက်ပွဲနှင့်၎င်းနှင့်ဆက်စပ်နေသောလုပ်ငန်းများကို တရားမျှတမှုရှိသည်ဟု ယုံကြည်လက်ခံနိုင်ဖွယ်မရှိကြောင်းကြေညာလိုက်ပါသည်။

**စည်းလုံးညီညွတ်သောတိုင်းရင်းသားလူမျိုးစုများမဟာမိတ်အဖွဲ့ (UNA)**

ရက်စွဲ။ ။ ၂၀၁၀–ခုနှစ်၊ မတ်လ (၂၇)ရက်။

**အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှကျင်းပပြုလုပ်သော (၆၅)နှစ်မြောက် တော်လှန်ရေးနေ့အခမ်းအနားသို့**

**စည်းလုံးညီညွတ်သောတိုင်းရင်းသားလူမျိုးစုများမဟာမိတ်အဖွဲ့(UNA) မှပေးပို့သည့်**

**"သဝဏ်လွှာ"**

၁။ စစ်မှန်သောပြည်ထောင်စုဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် နိုင်ငံရေးအရအနှစ်သာရပြည့်ဝသည့် တွေ့ဆုံဆွေးနွေးအဖြေရှာရေးတို့အတွက် လှုပ်ရှားရုန်းကန်လာခဲ့ရသော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ သက်တမ်းမှာယခုအခါ (၂၂)နှစ်အတွင်းသို့ ရောက်ရှိလာပြီဖြစ်ပေသည်။

၂။ ၁၉၉၀-ပြည့်နှစ်တွင်အနိုင်ရရှိခဲ့သောရွေးကောက်ပွဲရလာဒ်များကို အသိအမှတ်ပြုခြင်းမခံရမှု၊ ပါတီဝင်အများအပြားဖမ်းဆီးအကျဉ်းကျခံနေရမှုနှင့် လွတ်လပ်စွာစည်းရုံးလှုပ်ရှားခွင့်မရရှိမှု အစရှိသည့်အခက်အခဲအကျပ်အတည်းများနှင့်ရင်ဆိုင်ကြုံတွေ့နေရသော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် ယခုအခါတွင်ပိုမိုကျပ်တည်းဆိုးဝါးသော "ပါတီဆက်လက်ရပ်တည်သင့်/မသင့်"ဆိုသည့် ရွေးချယ်မှုကိုပြုလုပ်ဆုံးဖြတ်ရတော့မည့် အချိုးအကွေ့သို့ရောက်ရှိနေပြီကို ဝမ်းနည်းဖွယ်တွေ့မြင်နေရပါပြီ။

၃။ "မတ္တာမြားမှန်လျှင်နွံမှာမနစ်" ဆိုရိုးစကားကဲ့သို့ပင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ မှန်ကန်သောနိုင်ငံရေးလမ်းစဉ်နှင့်ရပ်တည်ချက်တို့သည် မည်သည့်အခါမှမှေးမှိန်ပျောက်ကွယ်သွားမည်မဟုတ်ပေ။ ကမ္ဘာတည်သရွေ့ဆက်လက်ရှင်သန်နေမည်သာဖြစ်ပေသည်။ ပါတီဝင်ထုတစ်ရပ်လုံး၏စည်းလုံးညီညွတ်မှု၊ ပြည်သူလူထုတစ်ရပ်လုံး၏ တခဲနက်ထောက်ခံအားပေးမှုတို့ကိုရယူလျက် မတရားသောဥပဒေမှန်သမျှကို ရင်ဆိုင်တိုက်ဖျက်ရင်း စစ်မှန်သောပြည်ထောင်စုဒီမိုကရေစီနိုင်ငံတော်တည်ဆောက်နိုင်ရန်အတွက် မှန်ကန်သောဆုံးဖြတ်ချက်ကို ရွေးချယ်ဆုံးဖြတ်နိုင်ပါစေကြောင်း ဆုတောင်းလျက် ဤ (၆၅)နှစ်မြောက် တော်လှန်ရေးနေ့ အခါသမယတွင် ဤသဝဏ်လွှာကိုပေးပို့အပ်ပါသည်။

စည်းလုံးညီညွတ်သောတိုင်းရင်းသားလူမျိုးစုများမဟာမိတ်အဖွဲ့ (UNA)

ရက်စွဲ။ ။ ၂၀၁၀-ခုနှစ်၊ မတ်လ (၂၇)ရက်။